ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး

လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၂**

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့"**ကို အဖွဲ့ဝင် (၁၀) ဦး ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး (ဘဏ္ဍာရေး)<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

D:\2022\Order 3 Body 2022.docx

(ဆ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဇ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဘဏ်များအသင်း

(ဈ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

၂။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်အရ အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး ဝန်ဆောင်မှု ပေးနိုင်ရန်အတွက် နှစ်စဉ်ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်း လျာထားရန် လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ ငွေတစ်ရပ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြ ခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို နိုင်ငံတော်က ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပငွေကြေးအဖွဲ့အစည်း များမှ အကူအညီရရှိငွေ၊ အလှူရှင်များက လှူဒါန်းငွေ၊ မိမိဝန်ဆောင်မှုလုပ်ငန်း များမှ ဝန်ဆောင်ခ ရရှိငွေတို့နှင့် ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော အဖွဲ့အစည်းများနှင့် မှတ်ပုံတင် ထားရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်း လုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေး ခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရက အတိုးသက်သာစွာ သတ်မှတ်သော အထူးချေးငွေ တစ်ရပ်နှင့် ပြည်တွင်း / ပြည်ပဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများမှ ရရှိနိုင်သည့် အတိုးမဲ့ချေးငွေ၊ အတိုးသက်သာ သောချေးငွေ၊ ချေးငွေတစ်ရပ်ရပ်ကို ရယူပြီး သက်ဆိုင်ရာ ဘဏ်များမှတစ်ဆင့် မှတ်ပုံတင်ထားရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့် တိုက်ရိုက်ချိတ်ဆက်ချေးယူနိုင်ရန် စီစဉ်ပေးခြင်း၊ အသိအမှတ် ပြုပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ငွေကြေးကျခံသုံးစွဲခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန် ချေးငွေ၊ အတိုးနှုန်း သက်သာချေးငွေ၊ အတိုးမဲ့ချေးငွေ၊ ပြန်လည်ပေးဆပ်စရာ မလိုသော အကူအညီငွေများ ရရှိရန်အတွက် အထောက်အကူပြုရန် ချေးငွေ ဆိုင်ရာ သတင်းအချက်အလက်ဌာနကို တည်ထောင်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာ တွင် ဆုံးရှုံးမှုများ ကာကွယ်နိုင်ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန က ခွင့်ပြုထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်း များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၃။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ ရုံးလုပ်ငန်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်ရမည်။

၄။ ယခင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ၏ ၂.၁.၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

စာအမှတ်၊ သငလ(လုပ်ငန်း)/ဖွဲ့စည်း/၂၀၂၂ ( ၀၂၉ )

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

(Signed)

ရင်မောင်ညွှန့်
အတွင်းရေးမှူး
အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

D:\2022\Order 3 Body 2022.docx